ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU)

Strategic Analysis အစီရင်ခံစာ

# မူးယစ်ဆေးဝါးမှုခင်းများနှင့်ဆက်နွယ်သောငွေကြေးခဝါချမှု၏ လားရာများ

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

SR/002/2023



www.mfiu.gov.mm

# မာတိကာ


၁. နိဒါန်း ........ 1

၂. ရည်ရွယ်ချက် ........ 2

၃. အသုံးပြုသည့်နည်းလမ်း (Methodology) ........ 2

၄. ခြုံငုံသုံးသပ်ချက် (Over View) ........ 2

၅. မြန်မာနိုင်ငံအတွင်းမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှုအခြေအနေ ........ 3

   ၅.၁ ဘိန်းစိုက်ပျိုးမှုမြင့်မားသောဒေသများ ........ 4

   ၅.၂ မူးယစ်ဆေးဝါးထုတ်လုပ်မှု ........ 4

   ၅.၃ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် ဘဏ္ဍာသိမ်းဆည်းနိုင်မှု ........ 5

၆. မူးယစ်ဆေးဝါးမှုခင်းများနှင့်စပ်ဆိုင်သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်မှု ........ 6

၇. မူးယစ်ဆေးဝါးအမှုများနှင့်ဆက်စပ်သော ငွေကြေးခဝါချမှုလားရာများ ........ 9

   ၇.၁ ဖြစ်စဉ်နမူနာ(Case Example) ........ 10

၈. သုံးသပ်တင်ပြချက် ........ 11

၉. နိဂုံး ........ 13

အတိုကောက်ဝေါဟာရများ ........ 14

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

Strategic Analysis အစီရင်ခံစာ

# "မူးယစ်ဆေးဝါးမှုခင်းများနှင့်ဆက်နွှယ်သောငွေကြေးခဝါချမှု၏လားရာများ"

**အစီရင်ခံစာအမှတ်၊** SR / ၀၀၂ / ၂၀၂၃ **ရက်စွဲ ၊** ၁ - ၈ - ၂၀၂၃

**အစီရင်ခံသည့်ကာလ၊** ၂၀၂၂ ခုနှစ် မှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ **ဌာန၊** သုံးသပ်ရေးဌာနစု

## ၁. နိဒါန်း

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှုသည် ငွေကြေးခဝါချမှု၏ မူလပြစ်မှုအမျိုးအစားတစ်ခုအပါအဝင်ဖြစ်ပြီး ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့် ပစ္စည်း (Proceeds of Crime – POC)အများဆုံးထွက်ရှိသည့် မှုခင်းအမျိုးအစားထဲတွင် ပါဝင်ပါသည်။ ၂၀၁၈ ခုနှစ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာအရ မူးယစ်ဆေးဝါးအမှုသည် POCs အများဆုံး ထွက်ရှိသည့် အမှုအမျိုးအစားထဲတွင်ပါဝင်ပြီး ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် မှုခင်း အမျိုးအစားတစ်ခုအဖြစ် အကဲဖြတ်ဖော်ထုတ်ထားပါသည်။

၂။ မူးယစ်ဆေးဝါးအမှုများသည် ဒုစရိုက်သမားများအတွက် တရားမဝင်ငွေကြေးနှင့် ပစ္စည်း အမြောက်အများကို ရရှိစေပြီး ငွေကြေးခဝါချမှုသည် ဒုစရိုက်သမားများအတွက် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများအား ဖုံးကွယ်ရာတွင် သို့မဟုတ် တရားဝင်အရင်းအမြစ်များမှ ရရှိလာသကဲ့သို့ တရားဝင် ငွေကြေးနှင့်ပစ္စည်းများဖြစ်စေရန် ဆောင်ရွက်ရာတွင် မဖြစ်မနေဆောင်ရွက်ရသော လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်သည် ဒုစရိုက်သမားများအတွက် တရားမဝင်ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်ဘဏ္ဍာရေးငွေကြေးစနစ်ထဲသို့ ပေါင်းစည်းသွားနိုင်စေပြီး ၎င်းသည် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအတွက် ငွေကြေးများကို ခြေရာခံခြင်းနှင့် သိမ်းဆည်းခြင်းများဆောင်ရွက်ရာ၌ ပိုမို ခက်ခဲစေနိုင်ပါသည်။

၃။ သို့ဖြစ်ရာ မူးယစ်ဆေးဝါးမှုခင်းများမှထွက်ရှိသော ငွေကြေးနှင့်ပစ္စည်း(POCs)များ တည်ရှိ နေခြင်းသည် ငွေကြေးခဝါချမှုအတွက် ခြိမ်းခြောက်မှု(Threats)တစ်ခုပင်ဖြစ်ပါသည်။ ငွေကြေးခဝါ ချမှု၏ ပထမဦးဆုံးအဆင့်ဖြစ်သည့် နေရာချခြင်း(Placement)အဆင့်တွင် ဒုစရိုက်သမားများက တရားမဝင် ငွေကြေးများအား ဘဏ္ဍာရေးငွေကြေးစနစ်ထဲသို့ စတင်ထည့်သွင်းခြင်းဖြစ်သဖြင့် Gate Keepers များ ဖြစ်သည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် မူးယစ်ဆေးဝါးမှုများနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှု၏ လားရာများ၊ ညွှန်းကိန်းများကို သိရှိနားလည်ထားမှသာလျှင် ငွေကြေးခဝါချမှုများကို ကြိုတင်တားဆီး ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## ၂. ရည်ရွယ်ချက်

၄။ ဤအစီရင်ခံစာ၏ရည်ရွယ်ချက်မှာ သတင်းပို့အဖွဲ့အစည်းများအတွက် မူးယစ်ဆေးဝါး မှုခင်းများနှင့် ဆက်နွယ်သော ငွေကြေးလွှဲပြောင်းမှု၊ ငွေကြေးစီးဆင်းမှုနှင့် ငွေကြေးခဝါချမှုလုပ်ရပ်များကို နားလည်သိရှိစေပြီး သတင်းပေးပို့မှုလုပ်ငန်းစဉ်များအပေါ် အထောက်အကူပြုနိုင်သည့် အညွှန်းကိန်း (Red Flags)များကို သိရှိနိုင်စေရန်နှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွက် မူးယစ်ဆေးဝါး မှုခင်းများနှင့်ဆက်နွယ်သော ငွေကြေးခဝါချမှု၏ လားရာများကို သိရှိနားလည်ပြီး စုံစမ်းစစ်ဆေးရာတွင် အထောက်အကူဖြစ်စေရန်ဖြစ်ပါသည်။

## ၃. အသုံးပြုသည့်နည်းလမ်း (Methodology)

၅။ ဤအစီရင်ခံစာတွင် မူးယစ်ဆေးဝါးမှုခင်းများနှင့်ဆက်နွယ်သည့်ငွေကြေးခဝါချမှုများ၏ လားရာများကို သိရှိနိုင်ရန်အတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STRs)နှင့် သံသယဖြစ်ဖွယ်လှုပ်ရှားဆောင်ရွက်မှုသတင်းပို့ချက် (SARs) များအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်မှု ရလဒ်များကို အခြေခံ၍ လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာနှင့် ၂၀၂၃ ခုနှစ် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့် စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာများကို အခြေခံ၍ ဖော်ထုတ်ထား ပါသည်။

၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ အတွင်း မူးယစ်မှုနှင့်ဆက်နွယ်သည့် သံသယဖြစ်ဖွယ်လှုပ်ရှားဆောင်ရွက်မှုသတင်းပို့ချက် (SARs) စုစုပေါင်း (၁၆)စောင်၊ သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု (STRs)စုစုပေါင်း (၆)စောင် လက်ခံရရှိ၍ ခွဲခြမ်း စိတ်ဖြာဆောင်ရွက်နိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးမှုနှင့်ဆက်နွယ်သည့် စိစစ်ချက်ရလဒ် (၄)စောင်ဖြန့်ဝေ နိုင်ခဲ့ပါသည်။

## ၄. ခြုံငုံသုံးသပ်ချက် (Over View)

၇။ မြန်မာနိုင်ငံမှထွက်ရှိသည့် တရားမဝင်မူးယစ်ဆေးဝါးများအား အဓိကအားဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တရားမဝင်တင်ပို့လေ့ရှိပြီး ရရှိလာသောငွေကြေးများအား ပြည်တွင်းသို့ သယ်ဆောင်လွှဲပြောင်းရာတွင် ဘဏ်များ၊ ငွေကြေး သို့မဟုတ် တန်ဖိုးရှိပစ္စည်းများ လွှဲပြောင်းရာတွင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်း(MVTS)များ၊ ငွေဆက်သား(Couriers)များကို အများဆုံး အသုံးပြုလေ့ရှိကြပါသည်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် ငွေဆက်သား(Couriers)များကို အသုံး ပြုကြပါသည်။

၈။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဓါတုပစ္စည်းများကို ပြည်ပမှ တင်သွင်းရသဖြင့် ပြည်ပသို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချရာမှ ရရှိသောငွေကြေးများကို ဓါတုပစ္စည်းများအဖြစ်တင်သွင်းခြင်း၊ ထိုသို့တင်သွင်းရန် ဟန်ပြကုမ္ပဏီများကိုအသုံးပြုခြင်း၊ ကုန်သွယ်မှုကိုအခြေခံသည့်ငွေကြေးခဝါချမှု နည်းလမ်းများကိုအသုံးပြုခြင်းဖြင့် ဆောင်ရွက်ကြပါသည်။

၉။ တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်သည့်လုပ်ငန်း အဆင့်တိုင်းတွင် ငွေကြေးပိုင်းဆိုင်ရာဆောင်ရွက်ရသည့်လုပ်ငန်းမှာ ပါဝင်ပြီး အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် ၎င်းတို့၏ တရားမဝင်ငွေကြေးများအား တရားဝင်ဘဏ္ဍာရေးငွေကြေးစနစ်အတွင်းသို့ ထည့်သွင်းနိုင်ရန်အတွက် သတင်းပို့အဖွဲ့အစည်းများရှိ ဝန်ထမ်းများအားလာဘ်ထိုးခြင်း၊ ငွေကြေးဆိုင်ရာကျွမ်းကျင်သူပညာရှင် (Financial Profession)များကိုအသုံးပြုခြင်း၊ Financial Facilitators များထားရှိ အသုံးပြုခြင်းများ ဆောင်ရွက်ကြပါသည်။

၁၀။ အခြားတွေ့ရှိရသည့်နည်းလမ်းများမှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွက် စုံစမ်းစစ်ဆေးသိမ်းဆည်းရန် ခက်ခဲစေနိုင်သည့် အွန်လိုင်းစနစ်သုံးဒီဂျစ်တယ်ငွေကြေး၊ လျှို့ဝှက်ငွေကြေး (Crypto Currencies)များကို မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသူများက အသုံးပြုလာခြင်း ဖြစ်ပါသည်။

## ၅. မြန်မာနိုင်ငံအတွင်းမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှုအခြေအနေ

၁၁။ တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်ခြင်းသည် လုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)၏ အဆိုအရ[၁] ၎င်းတရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်ခြင်းလုပ်ငန်းတွင် အောက်ပါအတိုင်း အဆင့်(၄)ဆင့်ရှိကြောင်း ခွဲခြားသတ်မှတ်ထားပါသည် -




**ပုံ(၁): တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုအဆင့်များ**

၁၂။ အဆင့်တိုင်းတွင် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များ လိုအပ်ပါသည်။ ငွေကြေးပိုင်းဆိုင်ရာဆောင်ရွက်ရသည့်လုပ်ငန်း (Financial Function)မှာ ၎င်းအဆင့်တိုင်းတွင် ပါဝင်ပြီး မရှိမဖြစ်အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အဆိုပါ ငွေကြေးပိုင်းဆိုင်ရာ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သူများ၏ ငွေကြေးနှင့် ပစ္စည်းများအား စုဆောင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ အသုံးပြုခြင်းနှင့် သိမ်းဆည်းခြင်းများ ပါဝင်နေပါသည်။ အခြားအရေး

[၁] https://www.fatf-gafi.org/en/publications/Methodsandtrends/Financial-flows-afghan-opiates.html

ကြီးသည့် အရင်းမြစ်တစ်ခုမှာ လူသားအရင်းအမြစ်ဖြစ်ပြီး အထူးသဖြင့် ငွေရေးကြေးရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်(Financial Professionals)များ ပါဝင်နေပါသည်။ သို့ဖြစ်ရာ မူးယစ်ဆေးဝါး မှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုလုပ်ဆောင်ချက်များကို သိရှိနိုင်ရန်အတွက် အထက်ပါ အဆင့်များ၏ ပမာဏနှင့် တန်ဖိုးကို သိရှိနားလည်ထားရန်လိုအပ်မည်ဖြစ်ပါသည်။

## ၅.၁ ဘိန်းစိုက်ပျိုးမှုမြင့်မားသောဒေသများ

၁၃။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)၏ ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံအပေါ် ပြုလုပ်သည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း[၂] တွင်ဖော်ပြချက်များအရ စိုက်ပျိုးမှုမှာ ယခင်နှစ်ထက် ၃၃ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ဖော်ပြထားပါသည်။




<u>ပုံ(၂): ဘိန်းစိုက်ပျိုးမှုနှင့်ထွက်ရှိမှု</u>

၁၄။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)၏ စစ်တမ်းအရ မြန်မာနိုင်ငံ၌ ဘိန်း အများဆုံးစိုက်ပျိုးသည့်ဒေသများမှာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဘိန်းစိုက်ပျိုးမှုအဆင့်တွင် ငွေကြေးပိုင်းဆိုင်ရာဆောင်ရွက်ရသည့်လုပ်ငန်း (Financial Function) ပါဝင် သဖြင့် ၎င်းဒေသများမှ ဆောင်ရွက်သည့် ငွေကြေးလွှဲပြောင်းမှုများအပေါ် တိုးမြှင့်စောင့်ကြည့်ရန်လိုအပ်မည် ဖြစ်ပါသည်။

## ၅.၂ မူးယစ်ဆေးဝါးထုတ်လုပ်မှု

၁၅။ တရားမဝင်မူးယစ်ဆေးဝါးများထုတ်လုပ်ရာတွင် အဓိကကျသောဓါတုပစ္စည်းများနှင့် ဆက်စပ် ပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် အိမ်နီးချင်း နိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစီရင်

[၂] https://www.google.com/url?sa=i&rct=j&q=&esrc=s&source=web&cd=&cad=rja&uact=8&ved=0CAIQw7AJahcKEwiw47CFrKmAAxUAAAAAHQAAAAAQAw&url=https%3A%2F%2Fwww.unodc.org%2Froseap%2Fuploads%2Fdocuments%2FPublications%2F2023%2FMyanmar_Opium_Survey_2022.pdf&psig=AOvVaw3jsKbGqNrjm_9fCSDVBKZe&ust=1690356829950351&opi=89978449

ခံစာအရ ၂၀၂၂ ခုနှစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှု ၄၄၃၉ မှု၊ ၁၆၉.၀၇ သန်းကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရှမ်းပြည်နယ်၊ တရုတ်-မြန်မာ နယ်စပ်ဒေသနှင့် ထိုင်း-မြန်မာ နယ်စပ်ဒေသတို့မှ အများဆုံးထွက်ရှိပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နှင့် မိုင်းဆတ်မြို့တို့မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း အများဆုံး သယ်ဆောင်ရောင်းဝယ်ကြောင်း ဖော်ပြထားပါသည်။

၁၆။ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အများဆုံးအသုံးပြုသည့် ဓါတုပစ္စည်းဖြစ်သော ကဖင်းကို မြန်မာနိုင်ငံ၏ အရှေ့ဘက် ထိုင်း၊ လာအိုနယ်စပ်တစ်လျှောက်တွင် မကြာခဏဖမ်းဆီးရမိခဲ့ပါသည်။ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် ထိန်းချုပ်ဓါတုပစ္စည်း ၇၉ မှု၊ တန်ဖိုးငွေကျပ် ၂၇၆၀၂.၆၈၀ သန်း ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၁ ခုနှစ်ထက် အမှု ၄၇ မှု၊ စုစုပေါင်းတန်ဖိုးငွေ ၁၇၇၁၄.၁၉၅ သန်း ပိုမိုဖမ်းဆီးရမိခဲ့ပါသည်။

၁၇။ အစီရင်ခံစာအရ စိတ်ကြွရူးသွပ်ဆေးပြားများကို အိမ်နီးချင်းထိုင်းနိုင်ငံသို့ အများဆုံးသယ်ဆောင်လေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးချက်လုပ်ရာတွင် အဓိကအသုံးပြုသည့် ထိန်းချုပ်ဓါတုပစ္စည်းများကိုလည်း ၎င်းအိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် လာအိုနိုင်ငံမှ တင်သွင်းသည်ကို တွေ့ရှိရပါသည်။ တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်ခြင်းလုပ်ငန်း၏ အဆင့်တစ်ခုဖြစ်သော စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် အဆင့်တွင် ငွေကြေးပိုင်းဆိုင်ရာဆောင်ရွက်ရသည့် လုပ်ငန်း (Financial Function) ပါဝင်လျက်ရှိရာ အဆိုပါ အိမ်နီးချင်းနိုင်ငံများနှင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်း(CDD)များ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

## ၅.၃ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် ဘဏ္ဍာသိမ်းဆည်းနိုင်မှု

၁၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အမှုပေါင်း (၆၇၅၉)မှု၊ တရားခံ ကျား/မ ပေါင်း (၉၆၀၀)ဦးနှင့် ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများ စုစုပေါင်းတန်ဖိုးကျပ်သန်း (၁၁၂၀၃၆၀.၃၁၀၆၃) (ဒေါ်လာသန်း(၅၃၃.၅၀၄)ခန့်) ရှိပါသည်။ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းရမိမှုအနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သော ငွေကြေးနှင့်ပစ္စည်းများ စုစုပေါင်းတန်ဖိုး (၂,၅၀၅,၃၃၆,၇၂၀) ကျပ်ခန့် သိမ်းဆည်းနိုင်ခဲ့ပါသည်။

၁၉။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးရာလမ်းကြောင်းများမှာ ကနဦးစတင်ရာလမ်းကြောင်းများအဖြစ် ဘိန်းဖြူအများဆုံးထွက်ရှိရာ ရှမ်းပြည်နယ်မှစတင်ပြီး တရုတ်နိုင်ငံသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုဖြတ်၍ ကချင်ပြည်နယ်သို့ လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ ပြည်တွင်းကိုဖြတ်၍ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မှ ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ကရင်ပြည်နယ်မြဝတီမှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ တာချီလိတ်-ဝမ်ပုံမှ

တစ်ဆင့် လာအိုနိုင်ငံသို့ လည်းကောင်း လျှို့ဝှက်သယ်ဆောင်ရောင်းဝယ်ကြောင်း တွေ့ရှိရပြီး ဖမ်းဆီးရမိမှုများအရ တရုတ်နိုင်ငံသား ၂ မှု၊ တရားခံ ၂ ဦး၊ ထိုင်းနိုင်ငံသား ၁၃ မှု၊ တရားခံ ၁၈ ဦး ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါနိုင်ငံများနှင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်ရာတွင် CDD အား အလေးထား တိုးမြှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။




<u>ပုံ(၃): မူးယစ်ဆေးဝါးသယ်ဆောင်သည့်လမ်းကြောင်းများ</u>

## ၆. မူးယစ်ဆေးဝါးမှုခင်းများနှင့်စပ်ဆိုင်သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်မှု

၂၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဇွန်လအထိ မူးယစ်ဆေးဝါးအမှုများနှင့်စပ်နွယ်၍ ငွေကြေးခဝါချမှုဖြင့်စိစစ်ချက်ရှိသည့် အမှုပေါင်း(၅၅)မှု ရှိပြီး (၂)မှုမှာ ငွေကြေးခဝါချမှုနှင့် ငြိစွန်းမှုမရှိသဖြင့် စိစစ်ခြင်းအား ရပ်ဆိုင်းခဲ့ပါသည်။ ကျန်ရှိသည့် အမှုများမှာ စိစစ်ဆဲရှိပြီး ဤအစီရင်ခံစာပါ ကာလအတွင်း တရားစွဲတင်သည့် အမှုနှင့် တရားရုံးစီရင်ချက်ချမှတ်သည့်အမှုများမရှိပါ။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အမှုပေါင်း (၆၇၅၉)မှု ရှိသဖြင့် ငွေကြေးခဝါချမှုဖြင့်စိစစ်လျက်ရှိသည့် အမှုအရေအတွက်နှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေပြီး စုစုပေါင်းအမှုများ၏ ၁% သာရှိသည်ကို တွေ့ရှိရပါသည်။ အချိုးအားဖြင့် နှိုင်းယှဉ်ကြည့်ပါ က မူးယစ်မှု (၁၂၃) မှုတွင် ငွေကြေးခဝါချမှုဖြင့် (၁) မှု (၁၂၃:၁)သာ စိစစ်နိုင်သည်ကိုတွေ့ရှိရပါသည်။ ယင်းသို့နည်းပါးရခြင်းမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းမှုကို အပြိုင်စစ်ဆေးခြင်း၊ မူလ အကျိုးခံစားခွင့်ရှိသူကို ဖော်ထုတ်ခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုနေကြောင်းပြသနေခြင်းဖြစ်ပါသည်။ မူးယစ်ဆေးဝါးအမှုသည် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် မှုခင်းအမျိုးအစားဖြစ်သဖြင့် အနာဂတ်တွင် အမှုတွဲများပိုမိုလွှဲပြောင်းပေးရန်လိုအပ်မည်ဖြစ်ပါသည်။




ပုံ(၃): မူးယစ်ဆေးဝါးအမှုများနက်မှ ငွေကြေးခဝါချမှုဖြင့်စစ်ဆေးမှုနှိုင်းယှဉ်ချက်

၂၁။ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဇွန်လအထိ စိစစ်လျက်ရှိသည့် မူးယစ်ဆေးဝါးအမှုနှင့်ဆက်နွယ်သော ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ ယာယီသိမ်းဆည်းထားသည့် ငွေကြေးနှင့်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | တန်ဖိုး (ကျပ်/ဒေါ်လာ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြန်မာငွေ (ငွေသား) | - | - | ၂၆၃.၇၀ သန်း | |
| ၂ | မြန်မာငွေ (Account) | ၁၁၇ | ခု | ၁၀၆.၁၆ သန်း | |
| ၃ | အမေရိကန်ဒေါ်လာ (Account) | ၂ | ဒေါ်လာ | ၂၆.၇၄ ဒေါ်လာ | ဒေါ်လာ |
| ၄ | အိမ်/တိုက် (မြေပါ) | ၄၂ | လုံး | ၃,၈၃၉.၇၈ သန်း | |
| ၅ | အိမ်/တိုက်(မြေမပါ) | ၅ | လုံး | ၁၈၁.၁၆ သန်း | |
| ၆ | မော်တော်ယာဉ် | ၂၈ | စီး | ၉၅၃.၇၀ သန်း | |
| ၇ | ရေယာဉ် | ၁ | စီး | ၅၀.၀၀ သန်း | |
| ၈ | မော်တော်ဆိုင်ကယ် | ၁ | စီး | ၀.၅ သန်း | |
| ၉ | ဆန်စက်(မြေမပါ) | ၁ | ခု | ၁၀.၀၀ သန်း | |
| ၁၀ | စပါးအခြောက်ခံစက်(မြေမပါ) | ၁ | ခု | ၆၁.၂၀ သန်း | |
| ၁၁ | ရွှေထည်နှင့် လက်ဝတ်ရတနာ ပစ္စည်း | ၃၈ | မျိုး | ၂၄.၀၀ သန်း | |
| ၁၂ | အိမ်အသုံးအဆောင်ပစ္စည်း | ၂၃ | မျိုး | ၀၀.၇၀ သန်း | |
| **စုစုပေါင်း** | | | | **၅,၄၉၀.၉၀ သန်း**<br>**၂၆.၇၄ ဒေါ်လာ** | |

၂၂။ မူးယစ်ဆေးဝါးအမှုများနှင့်စပ်နွယ်သည့် ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ နှစ်အလိုက် တရားစွဲတင်နိုင်မှုများကို သုံးသပ်ကြည့်ပါက ၂၀၁၄ ခုနှစ်တွင် (၁)မှု၊ ၂၀၁၅ ခုနှစ်တွင်(၀)မှု၊ ၂၀၁၆ ခုနှစ်တွင် (၁)မှု၊ ၂၀၁၇ ခုနှစ်တွင် (၃)မှု၊ ၂၀၁၈ ခုနှစ်တွင် (၂)မှု၊ ၂၀၁၉ ခုနှစ်တွင် (၅)မှု၊ ၂၀၂၀ ပြည့်နှစ်တွင် (၅)မှု၊ စုစုပေါင်း (၁၇)မှုတရားစွဲတင်နိုင်ခဲ့သဖြင့် တိုးတက်မှုနှေးကွေးသည်ဟု သုံးသပ်ရပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းခဲ့သဖြင့် ၎င်းနှစ်အတွင်း စုံစမ်းစစ်ဆေးမှုလုပ်ငန်းစနစ်များ ပြောင်းလဲခြင်းကြောင့် ၂၀၁၅ ခုနှစ်အတွင်း တရားစွဲတင်နိုင်မှု မရှိခြင်းဖြစ်မည်ဟု

သုံးသပ်ရပါသည်။ ထို့အတူ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ ပြန့်ပွားမှု အရှိန်မြင့်တက်လာမှုနှင့် နိုင်ငံရေးပြောင်းလဲမှုများကြောင့် စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်များနှောင့်နှေးခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် တရားစွဲတင်နိုင်မှု မရှိခြင်းဖြစ်မည်ဟုသုံးသပ်ရပါသည်။ သို့သော် တရားစွဲတင်နိုင်မှု ပြောင်းလည်းမှုလမ်းကြောင်း(Trendline)ကို ကြည့်ပါက တရားစွဲတင်မှုများ တိုးတက်မှုရှိသည်ကို တွေ့ရှိ ရမည်ဖြစ်ပါသည်။




<u>ပုံ(၄): မူးယစ်ဆေးဝါးအမှုများနှင့်စပ်နွယ်သည့်ငွေကြေးခဝါချမှုများတရားစွဲတင်နိုင်မှု</u>

၂၃။ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ မူးယစ်ဆေးဝါးအမှုများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ ဘဏ္ဍာသိမ်းဆည်းနိုင်မှုအနေဖြင့် စုစုပေါင်း မြန်မာကျပ်ငွေ (၁၂,၀၀၆.၅၆)သန်း၊ အမေရိကန် ဒေါ်လာ (၄၉၉,၁၇၃.၇၂)ဒေါ်လာ၊ တရုတ်ယွမ်ငွေ (၉,၂၀၀)ယွမ်၊ စင်္ကာပူဒေါ်လာ (၃၇၀) ဒေါ်လာ၊ မလေးရှားရင်းဂစ် (၂၉)ရင်းဂစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။ သိမ်းဆည်းရမိမှုများအရ အိမ်ခြံမြေများမှာ အများဆုံးသိမ်းဆည်းရမိပြီး မော်တော်ယာဉ်၊ ရေယာဉ်များမှာ ဒုတိယအများဆုံး သိမ်းဆည်းရမိသည်ကို တွေ့ရှိရပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | တန်ဖိုး (ကျပ်/ဒေါ်လာ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြန်မာငွေ (ငွေသား) | - | - | ၄၉၇.၄၂ သန်း | |
| ၂ | မြန်မာငွေ (Account) | ၉၂ | ခု | ၈၄၀.၂၇ သန်း | |
| ၃ | အမေရိကန်ဒေါ်လာ (ငွေသား) | - | ဒေါ်လာ | ၁၇၅,၂၁၄ | ဒေါ်လာ |
| ၄ | အမေရိကန်ဒေါ်လာ (Account) | ၄ | ဒေါ်လာ | ၃၂၃,၉၅၉.၇၂ | ဒေါ်လာ |
| ၅ | တရုတ်ယွမ် (ငွေသား) | - | ယွမ် | ၉,၂၀၀ | |
| ၆ | စင်္ကာပူဒေါ်လာ (ငွေသား) | - | ဒေါ်လာ | ၃၇၀ | |
| ၇ | မလေးရှားရင်းဂစ် | - | ရင်းဂစ် | ၂၉ | |
| ၈ | အိမ်/တိုက် (မြေပါ) | ၄၈ | လုံး | ၅,၇၁၀.၄၂ သန်း | |

| | | | | | |
|---|---|---|---|---|---|
| ၉ | အိမ်/တိုက်(မြေမပါ) | ၂ | လုံး | ၃၉၇.၀၀ သန်း | |
| ၁၀ | မြေကွက်(အလွတ်) | ၂၁ | ကွက် | ၂၇၅.၉၀ သန်း | |
| ၁၁ | မော်တော်ယာဉ် | ၂၄ | စီး | ၅၈၁.၇၁ သန်း | |
| ၁၂ | ရေယာဉ်နှင့်ငါးဖမ်းစက်လှေ | ၂၆ | စီး | ၂,၈၅၅.၃၄ သန်း | |
| ၁၃ | မြေသယ်ယာဉ် | ၁၁ | စီး | ၁၃၆.၀၀ သန်း | |
| ၁၄ | မော်တော်ဆိုင်ကယ် | ၂ | စီး | ၀.၈၀ သန်း | |
| ၁၅ | လက်ဝတ်ရတနာပစ္စည်း | ၆ | မျိုး | ၀၀.၁၉ သန်း | |
| ၁၆ | အထွေထွေပစ္စည်း | ၁,၇၇၅ | မျိုး | ၃၈၈.၅၁ သန်း | |
| ၁၇ | ပုဇွန်ကန် | ၁ | ကန် | ၁၁.၅၀ သန်း | |
| ၁၈ | Rolex နာရီ | ၁ | လုံး | ၁.၅ သန်း | |
| ၁၉ | မီးစက်ကြီး | ၂ | လုံး | ၁၃.၀၀ သန်း | |
| | စုစုပေါင်း | | | ၁၂,၀၀၆.၅၆ သန်း<br>၄၉၉,၁၇၃.၇၂<br>၉,၂၀၀<br>၃၇၀<br>၂၉ | မြန်မာငွေ<br>ဒေါ်လာ<br>ယွမ်<br>စင်္ကာပူ(SGD)<br>ရင်းဂစ် |

## ၇. မူးယစ်ဆေးဝါးအမှုများနှင့်ဆက်စပ်သော ငွေကြေးခဝါချမှုလားရာများ

၂၄။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များအပေါ် စိစစ်ချက်များနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ငွေကြေးခဝါချမှုများစုံစမ်းစစ်ဆေးမှု သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်သူများသည် ငွေကြေးနှင့်ပစ္စည်းများအား ဖုံးကွယ်ရန်နှင့် သိမ်းဆည်းခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ဘဏ်များ၊ ငွေကြေး သို့မဟုတ် တန်ဖိုးရှိပစ္စည်းများလွှဲပြောင်းဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်း(MVTs)များ၊ ငွေသယ်ဆောင်သူများ (Couriers)များကို အများဆုံးအသုံးချလေ့ရှိကြောင်း တွေ့ရှိရပါသည်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသူများသည် အောက်ပါနည်းလမ်းများကို အသုံးပြုလေ့ရှိသည်ကို တွေ့ရှိရပါသည် -

(က) တရားမဝင်ငွေလွှဲလုပ်ငန်းများကိုအသုံးပြုခြင်း(Hawala and Hundi)

( ခ ) မိသားစုဝင်များနှင့် တတိယလူပုဂ္ဂိုလ်အဖွဲ့အစည်းများကို အသုံးပြုခြင်း (Use of family members and third parties)

( ဂ ) တန်ဖိုးကြီးပိုင်ဆိုင်မှုပစ္စည်းများဝယ်ယူခြင်း (Purchase of valuable assets)

(ဃ) အလီလီခွဲ၍ငွေကြေးလွှဲပြောင်းမှုဆောင်ရွက်ခြင်း (Structuring)

( င ) ငွေသားအများအပြားမှောင်ခိုသယ်ဆောင်ခြင်း (Bulk Cash Smuggling)

( စ ) ဟန်ပြစီးပွားရေးလုပ်ငန်းများအသုံးပြုခြင်း(Front Business)

(ဆ) ကုန်သွယ်မှုကိုအခြေပြုသည့်ငွေကြေးခဝါချမှု(Trade Based Money Laundering)

## ၇.၁ ဖြစ်စဉ်နမူနာ(Case Example)

၂၅။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က စိစစ်လျက်ရှိသည့် မူးယစ်ဆေးဝါးအမှုများနှင့်ပတ်သက်၍ အများဆုံးတွေ့ရှိရလေ့ရှိသည့် ငွေကြေးခဝါချမှုနည်းလမ်းများမှာ တန်ဖိုးကြီးပိုင်ဆိုင်မှုပစ္စည်းများ ဝယ်ယူခြင်း၊ မိသားစုဝင်များနှင့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများအား အသုံးပြုခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ တရားမဝင်ငွေလွှဲလုပ်ငန်းများလုပ်ကိုင်၍ ငွေကြေးများလွှဲပြောင်းခြင်းများ ဖြစ်ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ ဒုစရိုက်သမားများသည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများအား စီးပွားရေးလုပ်ငန်းများတွင် ရောနှောအသုံးပြုခြင်း၊ အိမ်ခြံမြေများ၊ မော်တော်ယာဉ်များဝယ်ယူခြင်းဖြင့် ပြုလုပ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။

**Case Study (၁): POC များအားတရားဝင်စီးပွားရေးလုပ်ငန်းများတွင် ရောနှောခြင်းဖြင့် ခဝါချခြင်း**

AA ကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်ဖြစ်သူ Mr.A နှင့် ၎င်း၏ ဇနီးဖြစ်သူ Ms. B တို့သည် မူးယစ်ဆေးဝါးအမြောက်အများကို ရှမ်းပြည်နယ်မှ ဝယ်ယူ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်စဉ် ဖမ်းဆီးခံခဲ့ရပါသည်။

စစ်ဆေးအရ Mr.A သည်နှင့် ဇနီးဖြစ်သူ Ms.B တို့သည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချ ခြင်းမှ ရရှိသည့် ငွေကြေးများအား ၎င်းတို့ ကုမ္ပဏီတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်များဝယ်ယူခြင်း၊ နိုင်ငံခြားငွေကြေး(ဒေါ်လာ)များအဖြစ် လဲလှယ်၍ ကုမ္ပဏီငွေစာရင်းများတွင် အပ်နှံထားခြင်း၊ ဆွေးမျိုးများအမည်ဖြင့် အိမ်ခြံမြေများ ဝယ်ယူခြင်းများ စစ်ဆေးတွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုဖြင့် စစ်ဆေးအရေးယူနိုင်ခဲ့ပါသည်။

**Case Study (၂): တရားမဝင်ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)များအသုံးပြုခြင်း**

ထိုင်း-မြန်မာ/ကုန်သွယ်မှုကို ဇန်းပြကာ တရားမဝင်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ Ms.A အား ၎င်း၏ ပိုင်ဆိုင်မှု ဘတ်သန်း(၂၀၀)ခန့်၊ မူးယစ်ဆေးဝါးဆိုင်ရာ ငွေစာရင်းစာအုပ် ပေါင်း (၇၀)ခန့်နှင့်အတူ ထိုင်းနိုင်ငံတွင် ဖမ်းဆီးအရေးယူခဲ့မှုအား ထိုင်းနိုင်ငံထုတ် "ထိုင်းရတ်" သတင်းစာ အရ သိရှိခဲ့ရပြီးနောက် အဆိုပါအမှုနှင့် ဆက်နွယ်နေသော မြန်မာနိုင်ငံသူ Ms.B မိသားစုအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ စစ်ဆေးခဲ့ပါသည်။

စုံစမ်းစစ်ဆေးမှုအရ Ms.B မိသားစုပိုင်ဆိုင်သော "KKN ထိုင်း-မြန်မာ ကုမ္ပဏီလုပ်ငန်း"သည် ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ ဟွန်ဒီ တရားမဝင်လုပ်ငန်း လုပ်ကိုင်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိလာသော ငွေကြေးများ ကို ဟွန်ဒီ/ဟာဝါလာနည်းဖြင့် လွှဲပြောင်းကာ အသွင်ပြောင်းလဲပေးခြင်းများ ဆောင်ရွက်နေကြောင်း ပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါ ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်မရှိဘဲ (ဟွန်ဒီ)လုပ်ငန်းလုပ်ကိုင်သူ Ms.B ၎င်း၏ သားဖြစ်သူ Mr.A နှင့် သမီးဖြစ်သူ Ms.C တို့အား ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ-၈၀/၈၂ အရ တရားစွဲတင်ခဲ့ပြီး အဆိုပါအမှု နှင့်ပတ်သက်၍ ၎င်းတို့ (၃)ဦးအား ထောင်ဒဏ် (၆)လစီကျခံ စေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ထို့နောက် အမှုမှ သံသယရှိသူ Ms.B နှင့် ၎င်း၏ သားမက်ဖြစ်သူ Mr.A တို့သည် ငွေလွှဲလုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ်များကို မိသားစုဝင်အမည်များဖြင့် အိမ်ခြံမြေများ၊ ဆိုင်ခန်းများနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်များ ဝယ်ယူထားသဖြင့် ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေပုဒ်မ-၂၂ ဖြင့် လည်းကောင်း၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ ဖြင့်လည်းကောင်း တရားစွဲတင်ခဲ့ပါသည်။

၂၆။ စုံစမ်းစစ်ဆေးရရှိသည့် သတင်းအချက်အလက်များနှင့် ဘဏ္ဍာသိမ်းဆည်းရမိသည့် အချက်အလက်များအရ ပြည်တွင်းတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချသူများသည် ၎င်းတို့၏ ငွေကြေးများအား ပြန်လည်ပေါင်းစည်းခြင်း(Integration) ပြုလုပ်ရာ၌ အများအားဖြင့် အိမ်ခြံမြေ၊ မော်တော်ယာဉ်နှင့် အဖိုးတန်သတ္တုများအဖြစ် ပြောင်းလဲကြသော်လည်း အချို့မှာ ပြည်ပရှိ စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ရာ၌ အသုံးပြုခြင်း၊ မိသားစုအသုံးစရိတ်များအဖြစ် အသုံးပြုခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် လိုအပ်သည့် ဓါတု ပစ္စည်းများဝယ်ယူရာတွင် အသုံးပြုခြင်းများရှိမည်ဟု သုံးသပ်ရပါသည်။

## စ. သုံးသပ်တင်ပြချက်

၂၇။ မူးယစ်ဆေးဝါးမှုခင်းများမှထွက်ပေါ်လာသော ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့နည်းကျဆင်းစေရန်မှာ သတင်းပို့အဖွဲ့အစည်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ အစိုးရ ဌာနအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအကြား ရှုထောင့်ပေါင်းစုံမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ယင်းသို့ကိုင်တွယ်ဖြေရှင်းရာတွင် အောက်ပါအချက်များမှာ အရေး ကြီးသော အချက်များအဖြစ် သုံးသပ်တင်ပြအပ်ပါသည် -

(က) **ဥပဒေမူဘောင်များအားခိုင်မာအောင်ဆောင်ရွက်ခြင်း။** အာဏာပိုင်များအနေဖြင့် ငွေရေး ကြေးရေးအဖွဲ့အစည်းများအတွက် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များပေးပို့ခြင်း၊ ဖောက်သည်အပေါ်အလေးထား စိစစ်ခြင်း၊ ဖောက်သည်အပေါ်အတည်ပြုခြင်း စသည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အားကောင်းခိုင်မာသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရမည်ဖြစ်ပါသည်။

(ခ) **ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကိုအပြိုင်ဆောင်ရွက်ခြင်း။** တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအနေဖြင့် မူးယစ်မှုများကိုစုံစမ်းစစ်ဆေးရာတွင် ငွေကြေးဆိုင်ရာစုံစမ်း စစ်ဆေးခြင်း (Parallel Financial Investigation) ကို တစ်ပါတည်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မူးယစ်ဆေးဝါးမှုခင်းများနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက် လှမ်းရေးအဖွဲ့ထံ သတင်းအချက်အလက်များတောင်းခံခြင်း၊ ငွေကြေးခဝါချမှုဖြင့် စစ်ဆေး နိုင်ရန် လွှဲပြောင်းပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

( ဂ ) **ဖောက်သည်အပေါ်သိရှိအောင်ဆောင်ရွက်မှုလုပ်ငန်းစဉ်(KYC)တိုးမြှင့်ဆောင်ရွက်ခြင်း။** ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ဖောက်သည်များနှင့် ဖောက်သည်၏ စီးပွားရေးဆိုင်ရာလုပ်ငန်းသဘောသဘာဝများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို နောက်ဆုံးအခြေအနေနှင့်ကိုက်ညီစေရန်နှင့် တိကျမှုရှိစေရန်အတွက် KYC လုပ်ထုံးလုပ်နည်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

(ဃ) **ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း။** မူးယစ်ဆေးဝါးအမှုများနှင့် ငွေကြေးခဝါချမှုအကြား ဆက်စပ်သည့် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိဖော်ထုတ်နိုင်ရန်အတွက် သတင်းပို့အဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား သတင်းဖလှယ်ခြင်းကို တိုးမြှင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ပရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

( င ) **လွှဲပြောင်းဆောင်ရွက်မှုများကို တိုးမြှင့်စောင့်ကြည့်ခြင်း။** ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုပြုလုပ်နေသည်ဟု ညွှန်ပြနေသည့် အပြုအမူများနှင့် ပုံမှန်မဟုတ်သည့် ဆောင်ရွက်မှုများကို ထောက်လှမ်းသိရှိနိုင်မည့် ခေတ်မီဆန်းသစ်သည့် လွှဲပြောင်းဆောင်ရွက်မှုကိုစောင့်ကြည့်သည့်စနစ်(Sophisticated transaction monitoring systems) များ ထားရှိအသုံးပြု၍ တိုးမြှင့်စောင့်ကြည့် ရမည်ဖြစ်ပါသည်။

( စ ) **အသိပညာမြှင့်တင်ရေးသင်တန်းများပြုလုပ်ခြင်း။** ကြီးကြပ်ရေးအာဏာပိုင်များအနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ဝန်ထမ်းများအား မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များအား နားလည်သိရှိပြီး သတင်းပေးပို့ နိုင်ရန်အတွက် သင်တန်းများတိုးမြှင့်ပို့ချရမည်ဖြစ်ပါသည်။

(ဆ) **ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားမှုအလိုက်သတင်းပို့ခြင်း။** သတင်းပို့အဖွဲ့ အစည်းများအနေဖြင့် မူးယစ်ဆေးဝါးများအများဆုံးထွက်ရှိသည့် ဒေသများအလိုက် ရွေးချယ်သတ်မှတ်၍ CDD တိုးမြှင့်ဆောင်ရွက်ခြင်း၊ STRs ပေးပို့ခြင်းများတိုးမြှင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

( ဇ ) **သတင်းပေးပို့ရန်တိုက်တွန်းခြင်း။** ကြီးကြပ်ရေးအာဏာပိုင်များအနေဖြင့် သတင်းပို့အဖွဲ့အစည်းများအား မူးယစ်မှုများနှင့်ဆက်နွယ်သည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုများကို တွေ့ရှိပါက ဒုစရိုက်သမားများ၏ လက်တုန့်ပြန်မည်ကို စိုးရိမ်းခြင်းမရှိဘဲ သတင်းပေးပို့ရန်အတွက် မက်လုံးပေးခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းအပြင် မူးယစ်မှုများနှင့်ပါဝင်ပတ်သက်နေသော သို့မဟုတ် ငွေကြေးများဖုံးကွယ်ရာတွင် ပါဝင်ဆောင်ရွက်ပေးသော သတင်းပို့အဖွဲ့အစည်းများအား အရေးယူခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၉. နိဂုံး

၂၈။ မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ပြစ်မှုသည် နိုင်ငံဖြတ်ကျော်မှုခင်း အမျိုးအစားတစ်ခုဖြစ်သဖြင့် မူးယစ်မှုနှင့်ဆက်နွယ်သည့်ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို လျော့နည်းကျဆင်းစေရန်အတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဤအစီရင်ခံစာတွင်ဖော်ပြထားသည့် မူးယစ်မှုနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများ၊ လားရာများကို နားလည်သိရှိပြီး အကောင်အထည်ဖော်ရမည့်အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့နည်းကျဆင်းစေမည် ဖြစ်ပါသည်။

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့**

## အတိုကောက်ဝေါဟာရများ

| အတိုကောက်ဝေါဟာရ | ဖွင့်ဆိုချက် |
|---|---|
| **AMLCB** | Anti Money Laundering Central Body<br>ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ |
| **CCDAC** | Central Committee for Drug Aubse Control<br>မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ |
| **CDD** | Customer Due Diligence<br>ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်း |
| **FIU** | Financial Intelligence Unti<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| **FATF** | Financial Action Task Force<br>ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ |
| **FIs** | Financial Institutations<br>ငွေရေးကြေးရေးအဖွဲ့အစည်းများ |
| **STRs** | Suspicious Transaction Reports<br>သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များ |
| **SARs** | Suspicious Activities Reports<br>သံသယဖြစ်ဖွယ်လှုပ်ရှားဆောင်ရွက်မှုသတင်းပို့ချက် |